# ငတ်မွတ်ခေါင်းပါးမှုဘေးဒါဏ်ခံစားနေသော ချင်းပြည်သူများအပေါ် နအဖ၏ လူမဆန်သော လုပ်ဆောင်မှုများနှင့် နိုင်ငံတကာရောက် ချင်းအမျိုးသားများ အပေါ်ပန်ကြားချက်

ချင်းအမျိုးသားတပ်ဦးသည် ချင်းအမျိုးသားများကိုယ်ပိုင်ပြဌာန်းခွင့်ပြန်လည်ရရှိရေး၊ ဒီမိုကရေးစီစနစ်ပြန်လည်ထွန်းကားရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုတည်ထောင်ကာ နှစ်ပေါင်း (၆၀) ကြာ တိုင်းရင်းသားနိုင်ငံရေး ပဋိပက္ခကိုဖြေရှင်းနိုင်ရန်အတွက် မတ်လ ၂၀၊ ၁၉၈၈ ခုနှစ်တွင်ဖွဲ့စည်းလိုက်သည့် အမျိုးသားတော်လှန်ရေးအဖွဲ့အစည်း တခုဖြစ်ပါသည်။

နအဖစစ်အုပ်စု၏ ညံ့ဖျင်းသော နိုင်ငံရေးနှင့် စီပွားရေးမူဝါဒများကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူပြည်သား အားလုံးသည် အခက်အခဲဒုက္ခများစွာဖြင့် ရင်ဆိုင်နေရပါသည်။ ၎င်းအပြင် နအဖစစ်အုပ်စုသည် ချင်းလဲန်းနှင့် ချင်းပြည်သူများကို လုံးဝဥပေက္ခာပြုထားသည် သာမက ချင်းလဲန်းအတွင်းရှိ နအဖစစ်သားများအား တရားဝင်ညှင်းပန်းနှိပ်စက်ခွင့်ကိုပေးထားပါသည်။ ပို၍ဆိုးသည်မှာ ၂၀၀၈ ခုနှစ်သည် ချင်းလဲန်းအတွင်း ဝါးသုဉ်းမှု ဒါဏ်ကြောင့် ချင်းပြည်သူ လေးပုံတပုံခန့်သည် အစားအစာ ငတ်မွတ်ခေါင်းပါးမှုဒါဏ်ကို အလူအလဲခံစားနေရပါသည်။

ထိုကဲ့သို့သဘာဝဘေးဒါဏ်ကို အလူးအလဲခံစားနေသည့် ချင်းပြည်သူများကို နအဖစစ်အုပ်စုသည် အကူအညီများ ပေးမည့်အစား ချင်းလဲန်းအတွင်းအခြေစိုက်သည့် နအဖစစ်သားများက ငတ်မွတ်ခေါင်းပါးမှု ဒါဏ်ခံစားနေသည့် ချင်းပြည်သူများကို အတင်းအဓမ္မဆက်ကြေးများ အောက်ပါအတိုင်း ကောက်ခံလျှက်ရှိပါသည်။

မြို့ပေါ်တွင်နေထိုင်သူ ချင်းပြည်သူများထံ အိမ်ထောင်အလိုက်ကောက်ခံသည့် ဆက်ကြေးများ

၁။ စည်ပင်သာယာရေးမှ ကောက်ခံသည့် ဆက်ကြေးနှင့် အမျိုးအစားနှုန်းထားများ

*ဆိုင်ကယ်ခွန် (တနှစ်/တစီး) ........................................ ၅၀၀၀.၀၀*
*ကားကြီးခွန် (တနှစ်/တစီး)........................................ ၁၀၀၀၀.၀၀*
*ကားသေးခွန် (တနှစ်/တစီး)........................................ ၇၀၀၀.၀၀*
*ဆန်စက်ခွန် (တနှစ်/တလုံး)........................................ ၄၅၀၀.၀၀*
*တိုက်အိမ်မြေခွန်(တနှစ်) ........................................ ၉၆၀၀.၀၀*
*ပျဉ်ထောင်အိမ် မြေခွန် (တနှစ်)........................................ ၃၅၀၀.၀၀*
*အထည်ဆိုင် (တနှစ်) ........................................ ၁၅၄၀၀.၀၀*
*စက်ချုပ်ဆိုင် (တနှစ်) ........................................ ၁၂၀၀၀.၀၀*
*ရေသွယ်ခ (တနှစ်) ........................................ ၁၅၀၀၀၀.၀၀*
*ရေခွန် (တနှစ်) ........................................ ၇၂၀၀.၀၀*
*ရေထိန်းသိမ်းခ (တနှစ်) ........................................ ၅၀၀.၀၀*
*ကုန်စိမ်းသည် (တရက်)........................................ ၂၀၀.၀၀*
*ဈေးရောင်း (တရက်)........................................ ၂၀၀.၀၀*
*အနေးယဉ်/ပြည်တွင်းကုန် (တနှစ်)........................................ ၅၀၀.၀၀*
*အနေးယဉ်/ပြည်ပကုန် (တနှစ်)........................................ ၂၀၀၀.၀၀*

Chin National Front – General Headquarters, Chinland

*အမှိုက် (တနှစ်)........................................................................ ၂၄၀၀.၀၀*

*သားတတ်ခွန် (တနှစ်)................................................................ ၃၅၀၀.၀၀*

၂။ အကောက်ခွန်ဌာနမှ ကောက်ခံသော အခွန်အမျိုးအစားနှင့် နှုန်းထား

*အိမ်ဆောက်ခွန်အတွက် အရင် ၁၀% နှင့် အမြတ်ခွန်အတွက် အရင်း ၁၀%*

၃။ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကောင်စီမှ ကောက်ခံသော အခွန်အမျိုးအစားနှင့် နှုန်းထား

*မြို့ဝင်ဘီးခွန် တစီးလျှင်............................................................ ၅၀၀.၀၀*

*လူမှုရန်ပုံငွေအတွက် တအိမ်လျှင် (တနှစ်)........................................ ၁၂၀၀၀.၀၀*

၄။ မြို့နယ်လျှပ်စစ်ရုံးမှ ကောက်ခံသော အခွန်အမျိုးအစားနှင့် နှုန်းထား

*မီတာဘောက်တပ်ဆင်ခ (တစ်လုံး)................................................ ၅၀၀၀၀၀.၀၀*

*လမ်းမီးခွန် (တအိမ်)................................................................ ၁၂၀၀.၀၀*

*အိမ်သုံးလျှပ်စစ် (တအိမ်)............................................................ ၇၀၀၀.၀၀*

*မီးပြင်ခ (တခါပြင်)................................................................... ၁၀၀၀.၀၀*

၅။ နအဖ ရဲတပ်ဖွဲ့မှ ကောက်ခံငွေ အခွန်အမျိုးအစားနှင့် နှုန်းထား

*သေနတ်လိုင်စင် (တလုံးပြူး တလက်)............................................ ၁၀၀၀.၀၀*

*(နှစ်လုံးပြူး တလက်)................................................................ ၃၀၀၀.၀၀*

*အသားခေါင်းကြေး (အမဲတကောင်)................................................ ၁၀၀၀.၀၀*

၆။ သစ်တောဌာနမှ ကောက်ခံငွေ အခွန်အမျိုးအစားနှင့် နှုန်းထား

*ထင်းမီး (တတန်)...................................................................... ၅၀၀.၀၀*

*လွှဆွဲပျဉ်ပြား (တတန်)............................................................ ၂၀၀၀၀.၀၀*

၇။ တိကု ဌာနမှ ကောက်ခံသော အခွန်အမျိုးအစားနှင့် နှုန်းထား

*သားသတ်ခွန် (တကောင်)............................................................ ၂၀၀၀.၀၀*

၈။ ကြံဖွတ်မှ ကောက်ခံသော အခွန်အမျိုးအစားနှင့် နှုန်းထား

*တနှစ်.................................................................................. ၃၀၀၀.၀၀*

ကျေးလက်ဒေသ ပြည်သူများထံကောက်ခံသော အခွန်များ

၉။ စည်ပင် မှ ကောက်ခံသော အခွန်အမျိုးအစားနှင့် နှုန်းထား

*အိမ်ခွန် တအိမ် (တနှစ်)............................................................ ၃၀၀၀.၀၀*

*ယာခွန် တနှစ် (တအိမ်).............................................................. ၂၀၀.၀၀*

*စပါးကျီခွန် (တအိမ်)................................................................. ၅၀.၀၀*

*လယ်ခွန် (တအိမ်)...................................................................... ၁၀၀၀.၀၀*

၁၀၊ သစ်တော မှ ကောက်ခံသော အခွန်အမျိုးအစားနှင့် နှုန်းထား

*ယာမီးရှို့ ခွန် (တအိမ်)................................................................ ၁၀၀.၀၀*

*သစ်တောခွန် (တအိမ်)................................................................ ၇၅၀.၀၀*

*ဥယာဉ်ခြံခွန် (တအိမ်)................................................................ ၁၅၅၀.၀၀*

၁၁၊ နအဖ တပ်စခန်းမှ ကောက်ခံသော အခွန်အမျိုးအစားနှင့် နှုန်းထား

*ပေါ်တာ တခါကင်းလွတ်ခ (တအိမ်)................................................ ၅၀၀၀.၀၀*

*မော်တော်ကားလမ်းတူ (တခါလွတ်)................................................ ၂၅၀၀.၀၀*

*ဆန်တပုံး အတွက် (တအိမ်)............................................................ ၆၀၀၀*

*တအိမ် ကြက်သုံးကောင် နှုန်း........................................................ ၄၅၀၀.၀၀*

*ပြည်သူ့စစ် သင်တန်းပျက်ကွက်ခ (တဦး)............................................ ၅၀၀၀.၀၀*

Chin National Front – General Headquarters, Chinland

ထို့ကြောင့် နအဖ စစ်အုပ်စုလက်အောက်ရှိ မြို့ပေါ်နေ ချင်းပြည်သူ တအိမ်ထောင်သည် တနစ်လျှင် ကျပ်ငွေ ၈၀၀၀၀၀.၀၀ (ရှစ်သိန်းနီးပါး) နှင့် ကျေးလက်နေ ချင်းပြည်သူ တအိမ်ထောင်သည် တနှင်လျှင် ကျပ်ငွေ ၄၀၀၀၀.၀၀ ခန့် ကို နအဖ စစ်အုပ်စုနှင့် လက်ပါးစေများထံ ပေးနေရပါသည်။

ဤကဲ့သို့ ချင်းအမျိုးသားအများစု ငတ်မွတ်ခေါင်းပါးမှုဒါဏ်ကို အကြီးအကျယ်ခံစားနေချိန်တွင် အကူအညီများ ပေးမည့်အစား၊ ပိုမိုများပြားသော အခွန်အတုတ် မျိုးစုံဖြင့် ချင်းပြည်သူများ၏ အသက်သွေးကို စုတ်နေသည့် နအဖ စစ်အုပ်စုကြောင့် ၂၀၀၈ ခုနစ်သည် ချင်းလူမျိုးနှင့် ချင်းအမျိုးသား သမိုင်းတွင် အဆိုးရွားဆုံးသော ကပ်ဆိုး ကြီးကိုရင်ဆိုင်နေသော နှစ်ဖြစ်ပါသည်။ ထို့ကြောင့် ပဥ္စမအကြိမ်မြောက် ချင်းအမျိုးသားတပ်ဦး ဗဟိုကော်မတီ အစည်းအဝေးက ချင်းပြည်သူများထံမှ တနစ်လျှင် ကျပ်ငွေ ၃၀၀၀.၀၀ ကောက်ခံလာခဲ့သော အိမ်ခွန်ကို ၁၀.၀၀ ကျပ်သို့ရင်း၊ ၅% ကောက်ခံလာခဲ့သော ဂိတ်ခွန်ကို ၃% သို့ရင်း လျှော့ချ ကောက်ခံရန် ဆုံးဖြတ်ခဲ့သည်။

ထို့အပြင် ပြည်တွင်းဝါးသုဦးခြင်းကြောင့် အငတ်ဘေးကြုံတွေ့နေကြသော ချင်းပြည်သူများအနက် အဆိုးရွားဆုံး ဒေသများဖြစ်သည့် ပလက်ဝ၊မတူပီ၊ ထန်တလန်၊ ဖလမ်း၊ တွန်းဇံနှင့် တီတိန်မြို့နယ် ၆ မြို့နယ်နှင့် အခြားဒေသ များရှိ ချင်းပြည်သူများအား ဆန်များ အကူအညီပေနိုင်ရန် ချင်းပြည်သူများ လူမှုဒုက္ခဖြေရှင်းရေးကော်မတီတရပ် ကို ပူးခွါအုပ်လျှန်၊ ပူးဆော်လမွန်၊ ပူးမန်လိုင်း၊ ပူးလှထွန်း တို့ဖြင့်ဖွဲ့စည်းကာ ဖေဖေါ်ဝါရီလ မကုန်မီ အခြားသော လူမှုကယ်ဆယ်ရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်၍လုပ်ငန်းများ ဆောင်ရွက်အကောင်အထည်ဖေါ်ရန် တာဝန် များပေးအပ်လိုက်သည်။ အလားတူ ဒေါက်တာရွှေခါးမှနေ၍ Humanitarian Aid အပါအဝင် European Union ၏ Border Assistance Program များနှင့်ဆက်သွယ်ကာ အကူအညီများ ရှာဖွေရန် ဆုံးဖြတ်ထားပါသည်။

သို့ဖြစ်ပါ၍ ချင်းလဲန်းတွင် ဝါးသုဦးမှုဒါဏ်ကြောင့် အငတ်ဘေးနှင့် ရင်ဆိုင်နေသည်သာမက အသုံးမကျ ညံ့ဖျင်း သည့် နိုင်ငံရေးနှင့် စီးပွားရေးမူဝါဒများကြောင့် ဒုက္ခပင်လယ်နစ်နေကြသော ချင်းပြည်သူများအတွက် အထက် ဖေါ်ပြပါ ချင်းအမျိုးသားတပ်ဦး၏ လူမှုဒုက္ခဖြေရှင်းရေးကော်မတီနှင့် လက်တွဲကာ လူမှုရေးအကူအညီများ ပေးကမ်းကြပါရန် ဒုက္ခရောက်နေသော ချင်းပြည်သူများကိုယ်စား မေတ္တာရပ်ခံအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ

မတ်လ (၂၀) ၂၀၀၈

Chin National Front – General Headquarters, Chinland